ကြေးမုံ

The Mirror Daily
Established in 1957

၁၉၅၇ ပြည့်နှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 29 August 2025 ၁၁၉၂၄

## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။



# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်သွားရောက်မည်ဖြစ်သည်။

**ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်**

အဆိုပါအလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) သို့တက်ရောက်ခြင်း၊ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာခြင်း၊ ပညာရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ စသည်တို့အား ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



**TNLA နဲ့ လက်အောက်ခံ PDF အကြမ်းဖက်သမားတွေ မြန်မာ့မြေပေါ်မှာ ဆက်လက်ရှိမနေသင့်တော့ပြီ ...**

ဆောင်းပါး စာမျက်နှာ » ၆

**ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ်ကြေညာ**

စာမျက်နှာ » ၃

**ကရင်အမျိုးသားအစည်းအရုံး(KNU)ကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာ**

စာမျက်နှာ » ၃

**ယနေ့ မှတ်စုရာ**

2025 Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်

စာမျက်နှာ » ၁၀

(၁၄)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

စာမျက်နှာ » ၁၂

ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင် ၂၆ ဦး တက်ရောက်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပမည်

စာမျက်နှာ » ၁၃

ကြေးမုံ

# ရေကြီးရေလျှံသဘာဝဘေး ကြိုတင်ကာကွယ်

ပြီးခဲ့သည့်ရက်များအတွင်းက အပူပိုင်းမုန်တိုင်း “ကဂျိကိ” သည် လာအိုနိုင်ငံအထက်ပိုင်းဒေသများနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများကိုဖြတ်ကျော်ကာ အနောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့သောအရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ရှမ်းပြည်နယ်တွင် မုတ်သုံလေဖိအားနည်းမြောင်းတန်းအဖြစ် သွယ်တန်းလျက်ရှိသောကြောင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။

အဆိုပါမိုးသည်းထန်စွာ ရွာသွန်းခဲ့သောအရှိန်ကြောင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သော လေပွေလှိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး အားလျော့သွားပြီဖြစ်သည်။ အပူပိုင်းမုန်တိုင်း “ကဂျိကိ” သည်လည်း ပျက်ပြယ်သွားပြီဖြစ်သည်။ ဩဂုတ်လ ၂၇ ရက်နေ့တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းတစ်ခု ဆက်လက်ဖြစ်ပေါ်လာပြန်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံအနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားသွားမည်ဟု ခန့်မှန်းထားသည်။

မုတ်သုံရာသီကာလတွင် မြန်မာနိုင်ငံနှင့်ပတ်ဝန်းကျင်ဒေသများ၌ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု အစွန်းရောက်ဖြစ်စဉ်များကို မကြာခဏကြုံတွေ့နေရသည်။ အဆိုပါရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အမျိုးမျိုးတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များနှင့် ဆက်လက်ကြုံတွေ့နေရဦးမည်ဖြစ်သည်။ မြစ်၊ ချောင်းများနှင့်နီးသည့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်ပြီး တောင်တန်းတောင်စွယ်ရေဆင်းဒေသများ၌ ရေကြီးရေလျှံမှု မကြာခဏဖြစ်တတ်သည်။ အထူးသဖြင့် မြန်မာပြည်အလယ်ပိုင်း အလယ်ရိုးမနှင့် အရှေ့ရိုးမတို့အကြား မြစ်ဝှမ်းလွင်ပြင်ဒေသများ၌ တောင်ကျရေ ရေကြီးရေလျှံမှုများ ယခင်ကလည်းဖြစ်ပွားခဲ့ပြီး ယခုကာလ၌လည်း အနည်းငယ်ဖြစ်ပွားလာသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့် ပြီးခဲ့သည့်ရက်များက မိုးအဆက်မပြတ်ရွာသွန်းခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နေရာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည်။ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ ပင်လောင်းလမ်းဆုံအနီးကားလမ်းပေါ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ ရေကြီးရေလျှံမှုများ၊ ရေကျော်မှုများ ဖြစ်ပေါ်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူများ ဘေးအန္တရာယ်မရှိစေရန်၊ သွားလာမှုအဆင်ပြေစေရန်၊ ရေဘေးကြုံတွေ့ရမှုတို့ကို ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

နေပြည်တော်ပတ်ဝန်းကျင်ဒေသများသည် မြေပြန့်လွင်ပြင်ဖြစ်ပြီး တစ်ဖက်တစ်ချက်တွင် တောင်တန်းတောင်စွယ်များနှင့် ဆည်တမံများရှိသဖြင့် မိုးသည်းထန်စွာ ရွာသွန်းသည့်အချိန်များ၌ ဆည်တမံများ ရေပြည့်လျှံမှုနှင့် တောင်ကျရေများစီးဆင်းမှုကို သတိပြုရသည်။ ပြီးခဲ့သည့်နှစ်က ပြင်ပဒေသမှ မုန်တိုင်းအရှိန်သက်ရောက်မှုကြောင့် တောင်တန်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ တောင်ကျရေများ၏အရှိန်ကြောင့် ပင်လောင်းလမ်းဆုံ ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးဒဏ်ကြောင့် ပြည်သူများအတိဒုက္ခရောက်ခဲ့ကြသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံများအားလုံးက သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး အစီအမံများကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကြုံတွေ့ခဲ့ရသောအခြေအနေများကို သင်ခန်းစာယူပြီး ထိခိုက်ဆုံးရှုံးနိုင်မှု လျှော့ချရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း လက်ရှိဖြစ်ပေါ်လျက်ရှိသော ရေကြီးရေလျှံမှုများသည် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒေသအတွင်းရှိ လျှိုမြောင်များမှ ရေစီးဆင်းလာခြင်းဖြစ်ပြီး စီးဆင်းမှုမှာ မိုးအနည်းအများအပေါ်မူတည်၍ ယာယီစီးဆင်းမှုသာဖြစ်သည်။ တိုင်းထွာချက်များအရ ပေါင်းလောင်းရေလှောင်တမံတွင် မိုးရေချိန် ၃ ဒသမ ၅ လက်မခန့်သာရွာသွန်းခဲ့ပြီး အထက်ပေါင်းလောင်းတမံနှင့် ရေဝေရေလဲဒေသများမှ စီးဝင်ရေများကြောင့် တမံ၏ရေပိုလွှဲမှ ငါးပေခွဲခန့်ရေကျော်ခဲ့ရာ အဆိုပါစီးဆင်းရေများသည် ပေါင်းလောင်းမြစ်နှင့်တစ်ဆက်တည်းဖြစ်သော စစ်တောင်းမြစ်အတွင်းသို့ စီးဝင်လျက်ရှိသောကြောင့် နေပြည်တော်ဒေသအတွင်း အချို့နေရာများ၌သာ ရေကြီးရေလျှံမှုအခိုက်အတန့်ဖြစ်ပြီး ကြီးမားသောရေကြီးရေလျှံမှုဖြစ်ပေါ်ရန်မရှိကြောင်း ခန့်မှန်းထားသည်။

မည်သို့ပင်ဖြစ်စေ သဘာဝဘေးအန္တရာယ်ဟူသည် မျှော်မှန်းနိုင်ခြင်းမရှိသဖြင့် ဖြစ်ပေါ်လာနိုင်သော ရေကြီးရေလျှံမှုအခြေအနေများကို ကြိုတင်ပြင်ဆင် ကာကွယ်ထားခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း။ ။




## သံအမတ်ကြီး ဦးကျော်တင်ရှိန်အား အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးကျော်တင်ရှိန်အား မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်ရှိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

## ၂၈ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၁၀၀ | ၁,၀၀၇ | ၇,၀၈၉,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁,၁၀၀ | ၃,၄၀၅,၀၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၅၀ | ၃၆၀,၀၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၂၅၇ | ၅၀၁,၁၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၇၅၇ | ၁,၉၆၈,၂၀၀ |
| EFR | ၁,၇၅၀ | ၁,၉၀၀ | ၁,၁၀၅ | ၂,၀၉၈,၈၅၀ |
| AMATA | ၃,၄၅၀ | ၃,၄၅၀ | ၁၀ | ၃၄,၅၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၀၀ | ၃၂၅,၀၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် - ဦးဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၉၂/၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

**မတရားအသင်းအဖြစ်ကြေညာခြင်း**

၁။ နိုင်ငံတော်ယာယီသမ္မတသည် ကရင်အမျိုးသားအစည်းအရုံး(Kayin National Union–KNU)နှင့် အဖွဲ့ဝင်များ၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေ စိုးမိုးရေးကို လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက် အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်ယာယီသမ္မတသည် မတရားအသင်းများ အက်ဥပဒေ ပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

## ကရင်အမျိုးသားအစည်းအရုံး(KNU)ကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ကရင်အမျိုးသားအစည်းအရုံး(Kayin National Union–KNU)လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက် အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အတွင်းအခြေပြု၍ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် ကရင်အမျိုးသား အစည်းအရုံး (Kayin National Union–KNU)ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့နှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ယနေ့ဆက်လက်ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဆွေးနွေးပွဲဒုတိယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ ပင်လယ်နယ်နိမိတ်သတ်မှတ်ခြင်း ကိစ္စရပ်များ၏ အရေးပါမှုများနှင့် ဆွေးနွေးပွဲအပြီး မျှော်မှန်းချက်များကို ဆွေးနွေးပြောကြားသည်။




ဆွေးနွေးပွဲ ဒုတိယနေ့တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူကိုယ်စားလှယ်များက လူကိုယ်တိုင်ပါဝင်တက်ရောက်၍ လည်းကောင်း၊ မြန်မာသံရုံး၊ စင်ကာပူမြို့မှ သံအမတ်/ သံရုံးယာယီတာဝန်ခံက အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်၍လည်းကောင်း မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်ကိစ္စရပ်များကို ဥပဒေရေးရာနှင့် နည်းပညာရှုထောင့်တို့မှ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား လက်တွေ့ဆောင်ရွက်နေသည့် နယ်နိမိတ်ဆိုင်ရာ လုပ်ငန်းဆောင်တာများကို မျှဝေဆွေးနွေးပေးနိုင်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများအပေါ် သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။ ဆွေးနွေးပွဲများအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်က ဆွေးနွေးပွဲတွင် အဓိကပါဝင်ဆွေးနွေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ပိတ်သိမ်း**

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ



တောင်ကြီး ဩဂုတ် ၂၈

ရှမ်းပြည်နယ် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟိုပုံးမြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာငွေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးကြည်သိန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ် တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အဆောက်အအုံသစ်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ပြည်ထောင်စု တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စု တရားသူကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေး အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဘဝင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ်၊ လုံခြုံရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ဝင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့မာန်ဟုန် ကုမ္ပဏီလီမိတက်၏မန်နေဂျင်းဒါရိုက်တာက အဆောက်အအုံသစ်နှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဖွဲ့မာန်ဟုန် ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးထံသို့ လွှဲပြောင်းပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံးသည် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရုံးဝင်းတွင်တည်ရှိပြီး အလျား ၁၉၄ ပေ x အနံ ၇၃ ပေရှိ RCC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဘဏ္ဍာရန်ပုံငွေကျပ် ၂၁၇၈ ဒသမ ၄၆၈ သန်းဖြင့် ဖွဲ့မာန်ဟုန် ကုမ္ပဏီလီမိတက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နောင်ချိုမြို့နယ် ဒေသခံပြည်သူများအား တွေ့ဆုံ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၈

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ရပြီး နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သောင်းကျန်းသူများကြောင့် အေးချမ်းတည်ငြိမ်လျက်ရှိသည့် မြို့ရွာများ များစွာပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ကျောင်းသား ကျောင်းသူများပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရကြောင်း၊ နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးနောက် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား စနစ်တကျ ပြန်လည်လက်ခံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများကိုအင်တိုက်အားတိုက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအချိန်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့်အတူ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး မဲပေးခွင့်ရအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည့်အပြင် ပြည်သူများအနေဖြင့်လည်း မဲပေးကြရန် လိုအပ်ပါကြောင်း၊ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" ကို အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်၍ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တား ဖျက်ဆီးမည့်သူများကို ဥပဒေနှင့်အညီ ပူးပေါင်းဟန့်တားဆန့်ကျင်သွားရန်လိုအပ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးခဲ့သည့် နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးနေသကဲ့သို့ ယခင်ကထက် ပိုမိုသာလွန်သော အခြေအနေသို့ရောက်ရှိအောင် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နောင်ချိုမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုများအား အခြေခံစားသောက်ကုန် ငါးမျိုးထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် နောင်ချိုမြို့မရဲစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တပ်ဖွဲ့ဝင်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နောင်ချိုမြို့ ဘုတာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ "ဟော်တော်ကျောင်းတိုက်"သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမအမှူးပြုသော နောင်ချိုမြို့ပေါ်ကျောင်း ၁၀ ကျောင်းမှ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် AREOPA စီမံခန့်ခွဲမှုအကြံပေးကုမ္ပဏီ ဒုတိယအမှုဆောင်ချုပ် ဒေါက်တာဘိုနဗန်းချားနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ




နေပြည်တော် ဩဂုတ် ၂၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် AREOPA စီမံခန့်ခွဲမှုအကြံပေးကုမ္ပဏီ၏ ဒုတိယအမှုဆောင်ချုပ် ဒေါက်တာ ဘိုနဗန်းချားနှင့် တာဝန်ရှိသူများအား စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ MSME များကို ပံ့ပိုးနိုင်ရေးအတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ ငွေကြေး ထောက်ပံ့မှုများဖြင့် စွမ်းရည်မြှင့်တင်ရေး စင်တာများ တည်ထောင်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံရှိ MSME များ အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းများ တိုးတက်ကောင်းမွန်လာရေးတို့နှင့်ပတ်သက်၍ ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အသိညာဏ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုရှိရေးနှင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှုရှိလာစေရေးတို့အတွက် ရန်ပုံငွေဖြင့် ပံ့ပိုးကူညီဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးထွက်ကုန်များ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး၊ ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှုတွင် လိုက်ပါနိုင်ရေး၊ အစိမ်းရောင် ဂေဟစနစ်နှင့် ကိုက်ညီပြီး ရေရှည်တည်တံ့သည့် MSME များ ဖြစ်လာစေရေး၊ ပို့ကုန်များ မြင့်တက်လာရေး၊ MSME ကဏ္ဍတွင် လူငယ်နှင့် အမျိုးသမီး စွန့်ဦးတီထွင်မှု လုပ်ငန်းရှင်များ ပိုမိုပါဝင်နိုင်ရေး အတွက် အားပေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ စသည်တို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့အခြေစိုက် AREOPA စီမံခန့်ခွဲမှု အကြံပေးကုမ္ပဏီမှ ဒုတိယအမှုဆောင်ချုပ်နှင့် တာဝန်ရှိသူများ၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရာမည အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

မွန် ဩဂုတ် ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရာမညအထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မွန်ပြည်နယ်သမဝါယမ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးသန်းနိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မော်လမြိုင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အသင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌက သမဝါယမလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အသင်းအမှုဆောင်အဖွဲ့ဝင်များက အသင်း၏ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် အသင်းစာရင်းစစ်အဖွဲ့အစီရင်ခံစာကို ရှင်းလင်းဖတ်ကြားပြီး အသင်းသားများထံမှ အတည်ပြုချက်ရယူခဲ့သည်။ ထို့နောက် အသင်းသားများအား အသင်းသားအကျိုးဝေစုနှင့် စုဆောင်းငွေပေါ် အတိုးများ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် သက်ကြီးရွယ်အို စောင့်ရှောက်ရေးသင်တန်းနှင့် ဂျပန်ဘာသာစကားသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှုအားပေး



ရန်ကုန် ဩဂုတ် ၂၈

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ သဃ်ာန်းကျွန်းမြို့နယ်ရှိ Waku Waku Japanese Language Academy သို့ သွားရောက်၍ သက်ကြီးရွယ်အို စောင့်ရှောက်ရေး သင်တန်းနှင့် ဂျပန်ဘာသာစကား သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ရေးအတွက် ပုဂ္ဂလိက သင်တန်းကျောင်းများအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေး၍ အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းဆင်းများကို ပြည်တွင်း/ပြည်ပ အလုပ်အကိုင်များ တိုးတက်ရရှိစေရေး သင်တန်းကျောင်း အသိအမှတ်ပြု လျှောက်ထားမှုများကို စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် လုပ်သားများအတွက် ဘာသာစကားနှင့် လုပ်ငန်းကျွမ်းကျင်မှုများအပြင် သက်ဆိုင်ရာနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ သိရှိလိုက်နာရေး၊ သင်တန်းများတွင် အလေးထားသင်ကြားပေးရန်နှင့် သင်တန်းသားများ အနေဖြင့် ကျိုးနွံစိတ်ဖြင့် လေ့လာသင်ယူရန်၊ ဂျပန်ဘာသာစကားကို တတ်ကျွမ်းစေရေး လေ့လာသွားကြရန်နှင့် မိသားစုနှင့် နိုင်ငံအပေါ် အကျိုးပြုနိုင်သော ကျွမ်းကျင်လုပ်သားများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သဃ်ာန်းကျွန်းကျောင်းခွဲ၌ ဂျပန်ဘာသာစကား သင်တန်းနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးသင်တန်းကို ဖွင့်လှစ်ပေးခဲ့ရာ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ အလုပ်သမား ၉၈၄ ဦးအား ဂျပန်နိုင်ငံသို့ စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာ(အရှေ့ပိုင်း)နှင့် (အနောက်ပိုင်း) မြို့နယ်များရှိ Bogart Lingerie (Yangon) Co.,Ltd (အထည်ချုပ်) စက်ရုံ၊ Saiform International Garment (Myanmar) Co.,Ltd (အထည်ချုပ်)စက်ရုံနှင့် Dishang Fashion (Myanmar) Co.,Ltd (အထည်ချုပ်) စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# သဲကုန်းမြို့နယ်၌ ကာကွယ်ဆေး ထိန်းသိမ်းသိုလှောင်မှုလုပ်ငန်းများ စစ်ဆေး

သဲကုန်း ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြို့နယ်ကာကွယ်ဆေးသိုလှောင်ခန်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးမင်းထွေးက ကြီးကြပ်စစ်ဆေးသည်။

**စစ်ဆေး**

ထိုသို့ စစ်ဆေးရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ မြို့နယ်တိုးချဲ့ ကာကွယ်ဆေးသိုလှောင်ခန်းတွင် ထားရှိသော ကာကွယ်ဆေးများကို စနစ်တကျသိုလှောင်ထားရှိမှု ရှိ၊ မရှိနှင့် သတ်မှတ်အပူချိန်တွင် ထားရှိမှု ရှိ၊ မရှိ တို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# TNLA နဲ့ လက်အောက်ခံ PDF အကြမ်းဖက်သမားတွေ မြန်မာ့မြေပေါ်မှာ ဆက်လက်ရှိမနေသင့်တော့ပြီ ...

စွမ်းပြည့်

❛မြန်မာပြည်က အကြမ်းဖက်တွေက သူတို့ အဖျက်လုပ်ရပ်တစ်ခုခုကြောင့် ပြည်သူရဲ့ဝေဖန်သံတွေ များပြားလာတဲ့အခါ သွေးရူးသွေးတန်းနဲ့ မျက်စိမှိတ် ငြင်းခုံတတ်တာ ပုံမှန်ဖြစ်နေပြီ။ သူတို့လုပ်တာမဟုတ်ကြောင်း ပြောင်ငြင်းပြီး အရှက်မရှိ အောက်လုံးတွေနဲ့ တပ်မတော်ကို တစ်ဖက်သတ် စွပ်စွဲတဲ့အကျင့်ကလည်း ရိုးနေပါပြီ။ ငြင်းရင်လည်း ပညာမပါ၊ တစ်ဖက်ပိတ်ငြင်းတော့တာ။ ယခုလည်းကြည့်။ တပ်မတော်ရဲ့ Drop ဗုံးချတိုက်ခိုက်မှုကြောင့် တံတားပျက်စီးရတာပါတဲ့။ ဖျက်ဆီးခံရတဲ့ တံတားဟာ သံမဏိပေါင်နဲ့ ခိုင်ခိုင်ခံ့ခံ့ရှိတဲ့ တံတားအမျိုးအစားပါ❜

ဝမ်းနည်းစိတ်မကောင်းစရာကောင်းတာ တစ်ခုက တချို့မှာ ဘယ်လိုမှ ပြုပြင်လို့မရနိုင်တော့တဲ့ အနေအထားတွေကို နေ့စဉ်မြင်တွေ့၊ ကြားသိနေရတယ်။ အထူးသဖြင့် မစဉ်းစားတတ်၊ ဆင်ခြင်တုံတရားနည်းသူတွေရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်အပိုင်းကို ဆိုချင်တာပါ။

နိုင်ငံရဲ့ သမိုင်းအမွေအနှစ်တစ်ခုကို ဘယ်လိုစိတ်ဓာတ်တွေနဲ့များ ဖျက်ဆီးရက်သလဲ။ လူ့အဖွဲ့အစည်းရဲ့အကျိုးစီးပွားပျက်စီးရာ၊ ပျက်စီးကြောင်းကိုမှ ကြံဖန်ဖျက်ဆီးတတ်တဲ့ ပညာမဲ့စိတ်ဓာတ်တွေကို ဘယ်လိုမွေးယူခဲ့ကြသလဲ။ တော်လှန်ရေးအကြောင်းပြ လုပ်ချင်ရာလုပ်နေတဲ့ ဒီလိုအကြမ်းဖက်နဲ့ ဒီလိုအဖွဲ့အစည်းတွေ နိုင်ငံမှာရှိနေတာကိုက အလွန်ကို ဝမ်းနည်းစရာကောင်းလှပါတယ်။

ဒီလိုအကြမ်းဖက်တွေက မြန်မာနိုင်ငံမှာ ဆက်လက်ရှိနေဖို့ သင့်ပါဦးမလား။ ယဉ်ကျေးတဲ့လူ့အသိုင်းအဝိုင်းမှာ ဒီလိုလူမျိုး၊ ဒီလိုအဖွဲ့တွေ ရှိသင့်ပါသလား။ လူမှန်နေရာမှာ နေရာပေးဖို့သင့်ပါ့မလား။ ယုံယုံကြည်ကြည်နဲ့ လက်တွဲဖို့ ထိုက်ပါ့မလား။ လက်ရှိ အဖျက်သမားတွေအပေါ်ထားတဲ့ လူကြီးလူကောင်းဆန်တဲ့ တာဝန်ရှိသူတွေရဲ့ အပြုသဘော နှလုံးရည်နဲ့က ဒီလိုလူမျိုးတွေနဲ့ရော ထိုက်တန်မှုရှိရဲ့လား၊ တန်ရဲ့လား။ ဒီလောက်ပျက်စီးနေတဲ့ အဖျက်စိတ်ဓာတ်တွေနဲ့ လက်ရှိခံယူထားတဲ့ ကိုယ့်တိုင်းရင်းသားအချင်းချင်း၊ ကိုယ့်နိုင်ငံသားအချင်းချင်းဆိုတဲ့ စိတ်ဓာတ်နဲ့ သွားနေတဲ့ အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားလမ်းကြောင်းတွေနဲ့ရော အံဝင်ခွင်ကျ ညီညွတ်မျှတမှုဖြစ်ပါရဲ့လား။

## သမိုင်းဝင်အမွေအနှစ်တစ်ခုဆိုတာ သိရဲ့လား

နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိတဲ့ ကမ္ဘာကျော် ဂုတ်ထိပ်တံတားဆိုတာ ကိုလိုနီခေတ်ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်တစ်ခုပါ။ မြန်မာနိုင်ငံမှာ အမြင့်ဆုံး၊ ကမ္ဘာမှာ ခဲရာခဲဆစ် တည်ဆောက်ခဲ့ရတဲ့ ဒုတိယအမြင့်ဆုံး၊ အကြီးဆုံး မီးရထားသံလမ်းတံတားကြီးအဖြစ် မှတ်ကျောက်တင်ခံရတဲ့ မြန်မာတို့ရဲ့ ဂုဏ်ယူဖွယ် ရှေးဟောင်းအမွေအနှစ်တစ်ခုလည်း ဖြစ်ပါတယ်။

အထူးသဖြင့် မြန်မာတို့ရဲ့ အထင်ကရ အမှတ်အသား၊ ရှမ်းပြည်နယ်နဲ့ ရှမ်းလူမျိုးတို့ရဲ့ ယဉ်ကျေးမှုအလှတရားတစ်ခုလည်းဖြစ်တယ်။ ဒီတံတားကြီးကို ဖျက်ဆီးလိုက်တဲ့ TNLA နဲ့ လက်အောက်ခံ PDF အကြမ်းဖက်တွေအနေနဲ့ ဂုတ်ထိပ်တံတားအကြောင်းနဲ့ တံတားကြီးရဲ့တန်ဖိုးကို သိဟန်မတူဘူး။ မြန်မာနိုင်ငံမှာ သမိုင်းမရှိတဲ့သူနဲ့ သမိုင်းမသိသူ၊ တန်ဖိုးမသိသူနဲ့ တန်ဖိုးနားမလည်သူ၊ ဖျက်ဆီးသူနဲ့ လိုက်ဖာပေးသူ လူတန်းစားနှစ်ရပ်ရှိကြတာ အထူးအဆန်းမဟုတ်တော့သလိုပါပဲ။ ဒါကြောင့်လည်း အဖျက်သမားဆိုတဲ့ ဝေါဟာရက အလကားဖြစ်လာတာ မဟုတ်ဘူး။

ဒီအတွက် အခုလို စစ်ရေးပစ်မှတ်မဟုတ်တဲ့ အဖျက်လုပ်ရပ်မျိုး ပြည်သူက လက်သင့်ခံဖို့ သင့်ပါ့မလား၊ လုံးဝလက်မခံနိုင်ပါ။ ကန့်ကွက်ရှုတ်ချရမှာပါ။ ဒါကြောင့်လည်း ဘာသာရေးအဖွဲ့အစည်းတွေ၊ အသင်းတော်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ချစ်ကြည်ရေး၊ စီးပွားရေးအသင်းအဖွဲ့တွေ စတဲ့ အဖွဲ့အားလုံးနီးပါး ကန့်ကွက်ရှုတ်ချနေကြတာကို တွေ့မြင်နေရတာပဲ ဖြစ်ပါတယ်။

## Drop ဗုံးလား TNT လား

မြန်မာပြည်က အကြမ်းဖက်တွေက သူတို့ အဖျက်လုပ်ရပ်တစ်ခုခုကြောင့် ပြည်သူရဲ့ဝေဖန်သံတွေ များပြားလာတဲ့အခါ သွေးရူးသွေးတန်းနဲ့ မျက်စိမှိတ် ငြင်းခုံတတ်တာ ပုံမှန်ဖြစ်နေပြီ။ သူတို့လုပ်တာ မဟုတ်ကြောင်း ပြောင်ငြင်းပြီး အရှက်မရှိအောက်လုံးတွေနဲ့ တပ်မတော်ကို တစ်ဖက်သတ် စွပ်စွဲတဲ့အကျင့်ကလည်း ရိုးနေပါပြီ။ ငြင်းရင်လည်း ပညာမပါ၊ တစ်ဖက်ပိတ် ငြင်းတော့တာ။ ယခုလည်း ကြည့်။ တပ်မတော်ရဲ့ Drop ဗုံးချတိုက်ခိုက်မှုကြောင့် တံတားပျက်စီးရတာပါတဲ့။ ဖျက်ဆီးခံရတဲ့ တံတားဟာ သံမဏိပေါင်နဲ့ ခိုင်ခိုင်ခံ့ခံ့ရှိတဲ့ တံတားအမျိုးအစားပါ။

ပေ ၆၀ ခန့်အရှည်ရှိ သံမဏိတံတားကြီး ပြတ်ထွက်သွားအောင် ခွဲတဲ့ ဗုံးအမျိုးအစားဟာ Drop ဗုံးကချနိုင်တဲ့ ဗုံးပမာဏထက်တော့ များရမှာ သေချာတယ်။ Drop ဗုံးကြောင့်ဆိုရင်လည်း အဲဒီလောက်အထိ ပျက်စီးမှုပမာဏရှိအောင် ဒရုန်းများစွာနဲ့ ဗုံးအရေအတွက် အများကြီးချမှရလိမ့်မယ်။ ပျက်စီးတဲ့ တံတားအစိတ်အပိုင်း ကြည့်ပြန်ရင်လည်း ကျောက်မဲဘက်၊ တံတားနဲ့ မြေပြင်အဆက်အစပ် ကမ်းကပ်ခုံအပိုင်းမှာ တိတိကျကျ ထိထားတာဖြစ်တယ်။ ဒရုန်းနဲ့ချရင် ပျက်စီးမှုအတိုင်းအတာက အခုလို တိကျမှုမျိုးမရှိနိုင်ဘဲ နေရာအနှံ့အပြားမှာ ကျရောက်ပေါက်ကွဲနိုင်တဲ့ အနေအထားမျိုးဖြစ်မယ်။ အခုပျက်စီးတဲ့နေရာအပိုင်းက ဗုံးကို တိတိကျကျ နေရာချထားပြီးမှ ဖောက်ခွဲခဲ့တဲ့ပုံစံ ဖြစ်နေတာတွေ့ရတယ်။ ဒီအချက်ကနည်းပညာရှုထောင့်ကနေ စာရေးသူသိသလောက် ဆွေးနွေးကြည့်တာ ဖြစ်ပါတယ်။



TNLA အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဂုတ်ထိပ်တံတား ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

နောက်တစ်ချက်က TNLA က သူတို့ လက်ချက်မဟုတ်ကြောင်း၊ တပ်မတော်က လုပ်တာဖြစ်ကြောင်း ထပြောတဲ့အချိန်ဟာ တံတားကြီး ဗုံးခွဲခံရအပြီး TNLA လက်ချက်ဖြစ်ကြောင်း ဆိုရှယ်မီဒီယာတွေမှာ သောသောညံအောင် စွပ်စွဲပြစ်တင် ဝေဖန်ရှုတ်ချမှုတွေ တက်လာခါမှ ကမန်းကတန်းနဲ့ ကြောက်အားလန့်အား ရှင်းလင်းချက်ကို ထထုတ်ရသလိုဖြစ်နေတယ်။ ဒီအချက်တွေက Critical thinking နဲ့ ဆက်စပ်စဉ်းစားထားချက်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ တကယ်တမ်းစဉ်းစားရင်လည်း အမြဲတမ်း ပြည်သူကို အလုပ်အကျွေးပြုတဲ့ နိုင်ငံရဲ့ တပ်မတော်တစ်ရပ်က ဒီလို အဖျက်လုပ်ရပ်မျိုးကို သမိုင်းအစဉ်အဆက် ဘယ်တော့မှမလုပ်ဘူး၊ ဘယ်တုန်းကမှလည်း အစဉ်အလာမရှိခဲ့ဘူးဆိုတာ ထမင်းစားသူတိုင်းသိတယ်။ လမ်းဖောက်၊ တံတားဆောက်၊ ကျောင်းဆောက်၊ ဘုရားတည် အမြဲတမ်း ဆောင်ရွက်ပေးနေတဲ့ တပ်မတော်၊ ပြည်သူဒုက္ခရောက်တိုင်း ပြည်သူဘက်က အမြဲရပ်တည်တဲ့ တပ်မတော်၊ သူတို့တံတား၊ သူတို့ကာကွယ်ပေးနေတဲ့ တံတား သူတို့ပြန်ဖျက်ဆီးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

❛TNLA က သူတို့ လက်ချက်မဟုတ်ကြောင်း၊ တပ်မတော်က လုပ်တာဖြစ်ကြောင်း ထပြောတဲ့အချိန်ဟာ တံတားကြီးဗုံးခွဲခံရအပြီးTNLA လက်ချက်ဖြစ်ကြောင်း ဆိုရှယ်မီဒီယာတွေမှာ သောသောညံအောင် စွပ်စွဲပြစ်တင် ဝေဖန်ရှုတ်ချမှုတွေတက်လာခါမှ ကမန်းကတန်းနဲ့ ကြောက်အားလန့်အား ရှင်းလင်းချက်ကို ထထုတ်ရသလိုဖြစ်နေတယ်။ ဒီအချက်တွေက Critical thinking နဲ့ ဆက်စပ်စဉ်းစားထားချက်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ တကယ်တမ်းစဉ်းစားရင်လည်း အမြဲတမ်း ပြည်သူကို အလုပ်အကျွေးပြုတဲ့ နိုင်ငံရဲ့တပ်မတော်တစ်ရပ်က ဒီလိုအဖျက်လုပ်ရပ်မျိုးကို သမိုင်းအစဉ်အဆက် ဘယ်တော့မှမလုပ်ဘူး၊ ဘယ်တုန်းကမှလည်း အစဉ်အလာမရှိခဲ့ဘူးဆိုတာ ထမင်းစားသူတိုင်းသိတယ်❜

ကိုလိုနီခေတ်က အင်္ဂလိပ်တွေ၊ အမေရိကန်ပညာရှင်တွေ တည်ဆောက်ပေးခဲ့တဲ့တံတား၊ ဒုတိယကမ္ဘာစစ်မှာ စစ်ကြောင့် ပျက်စီးခဲ့ဖူးတဲ့ တံတား၊ နောက်ပိုင်း ပြန်လည်ပြင်ဆင်မှုတွေမှာ မြန်မာမီးရထားအင်ဂျင်နီယာတွေနဲ့ပဲ နိုင်ငံတော်ဘတ်ဂျက်နဲ့ ပြန်လည်တည်ဆောက်ခဲ့ရတဲ့ ဂုတ်ထိပ်တံတားကြီး။ ဒီလိုနိုင်ငံပိုင်တံတားကြီးကို တပ်မတော်က ဖျက်ဆီးတယ်ဆိုတာလည်း ဖြစ်နိုင်ပါ့မလား၊ သမိုင်းမှာ နိုင်ငံနဲ့ပြည်သူအတွက် ဘယ်လမ်း၊ ဘယ်တံတားမှ မဆောက်ပေးခဲ့ဖူးတဲ့ သူပုန်အဖွဲ့တွေ၊ နိုင်ငံပိုင်ပစ္စည်းမှန်သမျှ သမိုင်းနဲ့ချီ ဖျက်ဆီးတဲ့ အစဉ်အလာရှိခဲ့တဲ့ သူပုန်အဖွဲ့နဲ့ တပ်မတော်အကြား အဖျက်နဲ့အပြု ဘယ်လိုမှ မနှိုင်းယှဉ်ကောင်းပါဘူး။ ဆင်ခြင်တုံတရားအပြည့်နဲ့ စဉ်းစားရင် သတိပြုမိမှာပါ။

စာမျက်နှာ ၇ သို့ ❂

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများဖြစ်သော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဇနီးများ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ထူးချွန်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာခေတ်တွင် မိဘများက မိမိရင်သွေးများ ပညာကို ကြိုးစားသင်ယူပြီး ပညာတတ်ကြီးများဖြစ်လာအောင် မိဘဝတ္တရားနှင့်အညီ ငယ်စဉ်ကတည်းက အတတ်လည်းသင် ပဲ့ပြင်ဆုံးမပေးရန် လိုအပ်သကဲ့သို့ ကျောင်းသားလူငယ်မောင်မယ်များ အနေဖြင့်လည်း တကယ့်အနှစ်သာရရတနာသည် အသိပညာ၊ အတတ်ပညာ၊ ပညာသည်သာ အမြတ်ဆုံးရတနာ၊ ပညာသည်သာ အားထားရာဆိုသည်ကို နားလည်သဘောပေါက်ရန်လိုကြောင်း၊ ထူးချွန်ဝန်ထမ်းများနှင့် ကျောင်းသားလူငယ်များသည် ခိုင်မာသောယုံကြည်ချက်၊ ပြတ်သားသောဆုံးဖြတ်ချက်၊ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်မှုအသီးအပွင့်များကို ရရှိခံစားရခြင်းဖြစ်ကြောင်း၊ အနာဂတ် မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူး၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများနှင့် ထူးချွန်ဆုရဝန်ထမ်းများကို ဂုဏ်ပြုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၉ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၅၃ ဦး စုစုပေါင်း ၂၆၂ ဦးနှင့် ထူးချွန်ဝန်ထမ်း ၁၂ ဦးတို့ကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာ မူလတန်းကျောင်းများ ငွေစု၊ ငွေချေးသမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက အမက(၃)မူလွန် အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ပြင်ဦးလွင်မြို့၌ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရေဝတီခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက အမှာစကားပြောကြားပြီး ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဗီဒီယိုကို ပြသသည်။



ဆက်လက်ပြီး တာဝန်ရှိသူများက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေးဗီဒီယိုပြသမှုကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❂ စာမျက်နှာ ၆ မှ

ဒါကြောင့် အင်မတန်ရှင်းနေပါတယ်။ နောက်ပြီး အခုလက်ရှိတပ်မတော်ရဲ့ လုံခြုံရေး ဆောင်ရွက်ချက်တွေက နယ်မြေစိုးမိုးမှုပြန်လည်ရရှိအောင် တိုးချဲ့ရှင်းလင်းနေတဲ့အချိန်ပါ။ တပ်မတော်ရဲ့တန်ပြန်စစ်ရေးဆောင်ရွက်ချက်တွေအောက်မှာ ဖရိုဖရဲ ဆုတ်ခွာနေရတဲ့ ရန်သူဟာ တပ်မတော်ချီတက်ရှင်းလင်းရာ လမ်းကြောင်းတစ်လျှောက် တပ်မတော်ကို ဟန့်တားတဲ့အနေနဲ့ စစ်ရေးအရအချက်အချာကျတဲ့ လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲ၊ ချိုးဖျက်ဆီးတဲ့ အစဉ်အလာများစွာ ကြုံခဲ့ဖူးပြီးဖြစ်ပါတယ်။

တပ်မတော်နဲ့ အကြမ်းဖက်သောင်းကျန်းသူဘာကွာလဲဆိုတာ ဥပမာတစ်ခုနဲ့ ပြောပြပါမယ်။ ၁၀၂၇ MNDAA၊ TNLA၊ AA တို့ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်တဲ့အချိန် အခြေအနေအရ တပ်မတော်က ဆုတ်ခွာရစဉ်မှာတောင် ရန်သူထိုးစစ်ကို ဟန့်တားတဲ့အနေနဲ့ ဘယ်တံတား၊ ဘယ်လမ်း၊ ဘယ်အဆောက်အအုံကိုမှ ဖျက်ဆီးခဲ့ခြင်းမရှိဘူး။ ပြည်သူအတွက် အခြေခံအဆောက်အအုံတွေဖြစ်လို့ပဲ။ ဒါပေမဲ့ TNLAအပါအဝင် အကြမ်းဖက်အုပ်စုအများစုကတော့ တပ်မတော်လုပ်ရပ်နဲ့ ဆန့်ကျင်ဘက် ဆောင်ရွက်တတ်တဲ့ အစဉ်အလာ အမြဲရှိခဲ့တယ်။

ဒီအပြင်မှာ ဒီတံတားကြီးကို ဖျက်ဆီးရခြင်းဟာ မှန်ကန်တဲ့အကြောင်း၊ TNLA နဲ့ PDF တွေအတွက် အသုံးမဝင်ဘဲ တပ်မတော်အတွက်သာ စစ်ရေးအရ အကျိုးရှိစေတဲ့ တံတားဖြစ်တဲ့အတွက် အခုလို ဖျက်ဆီးရခြင်းဟာ မှန်ကန်တဲ့အကြောင်း၊ TNLAကို ထောက်ခံတဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ရေးသားချက်တွေအရလည်း သူတို့လုပ်ရပ်ဖြစ်ကြောင်း ဘူးပေါ်သလို ပေါ်စေတာတွေ့ရပါတယ်။ သူတို့ပြောတဲ့အတိုင်းဆို တပ်မတော်အတွက် အကျိုးရှိတဲ့တံတားဆို တပ်မတော်က ဖျက်ဆီးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ရထားပဲသွားလို့ရတဲ့ တံတားကို ရထားပိုင်တဲ့အဖွဲ့နဲ့ မပိုင်တဲ့အဖွဲ့၊ ဘယ်အဖွဲ့က ဖျက်ဆီးတာဖြစ်နိုင်မလဲ စဉ်းစားစေချင်တယ်။ ဖြစ်စဉ်ဖြစ်ရပ်တိုင်းမှာ အတိတ်၊ ပစ္စုပ္ပန်ချိန်ထိုးပြီး အမြဲစဉ်းစားတတ်ပါစေလို့လည်း အကြံပြုချင်တယ်။

> **အခုလို သမိုင်းဝင်အမွေအနှစ်တစ်ခုကို မဆင်မခြင်လုပ်လိုက်တဲ့ အဖျက်လုပ်ရပ်ကြောင့် ပညာမဲ့ TNLA နဲ့ ဓားပြသာသာ အပေါင်းပါတွေဟာ မြန်မာပြည်သူလူထုကြီးရဲ့ အမုန်းတရားကို ခံယူရတော့မှာ ဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ။ ပြည်သူတွေရဲ့ အခြေခံအကျိုးစီးပွားကို ဖျက်ဆီးလိုက်ကြပြီး နောင်မျိုးဆက် သားတွေ၊ သမီးတွေအတွက် ဘယ်တော့မှ မစဉ်းစားတဲ့ လူ့ဗာလတွေဖြစ်ကြလို့ပဲ။ မြန်မာပြည်သူရဲ့အမုန်းကို ခံယူရသူတို့ရဲ့ ဇာတ်သိမ်းဟာလည်း ဘယ်တော့မှမကောင်းပါဘူး။ အမြန်ဆုံးကျဆုံးပြီး မြန်မာ့မြေပေါ်ကနေ အပြီးပျောက်ကွယ်သွားစေချင်တဲ့ ပြည်သူတွေ များသည်ထက်များလာနေတာလည်း တွေ့နေရတယ်**

ဒီကနေ့ မြို့ရွာအဆောက်အအုံတွေ၊ ဘုရား၊ စေတီပုထိုးတွေ၊ လမ်းတွေ၊ တံတားတွေ ပျက်စီးတယ်ဆိုတာ တပ်မတော်အစိုးရ၊ အရပ်သားအစိုးရ တည်ငြိမ်ခဲ့တဲ့ ဆယ်စုနှစ်ချီ ကာလတစ်လျှောက် ဘယ်တုန်းကမှ အခုလို ပျက်စီးခဲ့ဖူးခြင်းမရှိပါဘူး။ မှတ်မှတ်ရရ PDF တွေပေါ်လာပြီး ၂၀၂၃ ရှမ်းမြောက်နဲ့ နိုင်ငံအနောက်ပိုင်းမှာ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ပွဲတွေ ဖော်ဆောင်လာခဲ့တော့မှသာ အဖြစ်ဆိုးတွေကြုံတွေ့ရတာ ဖြစ်ပါတယ်။ ဒီလိုအကြောင်းအချက်တွေကြောင့် ဂုတ်ထိပ်တံတားကြီး ပျက်စီးရခြင်းအကြောင်းရင်းတရားခံက TNLA နဲ့ လက်အောက်ခံအပေါင်းပါ PDF တွေကြောင့်ပဲဆိုတာ ရှင်းလင်းသွားလောက်ပြီလို့ ယူဆပါတယ်။

အခုလို သမိုင်းဝင်အမွေအနှစ်တစ်ခုကို မဆင်မခြင်လုပ်လိုက်တဲ့ အဖျက်လုပ်ရပ်ကြောင့် ပညာမဲ့ TNLA နဲ့ ဓားပြသာသာ အပေါင်းပါတွေဟာ မြန်မာပြည်သူလူထုကြီးရဲ့ အမုန်းတရားကို ခံယူရတော့မှာ ဖြစ်ပါတယ်။ ဘာကြောင့်ပါလဲ။ ပြည်သူတွေရဲ့ အခြေခံအကျိုးစီးပွားကို ဖျက်ဆီးလိုက်ကြပြီး နောင်မျိုးဆက် သားတွေ၊ သမီးတွေအတွက် ဘယ်တော့မှ မစဉ်းစားတဲ့ လူ့ဗာလတွေဖြစ်ကြလို့ပဲ။ မြန်မာပြည်သူရဲ့အမုန်းကို ခံယူရသူတို့ရဲ့ ဇာတ်သိမ်းဟာလည်း ဘယ်တော့မှမကောင်းပါဘူး။ အမြန်ဆုံးကျဆုံးပြီး မြန်မာ့မြေပေါ်ကနေ အပြီးပျောက်ကွယ်သွားစေချင်တဲ့ ပြည်သူတွေ များသည်ထက်များလာနေတာလည်း တွေ့နေရတယ်။

အသိဉာဏ်မဲ့တဲ့ အဖျက်သမားမှန်သမျှ ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်ထိုက်ပါဘူး၊ အလျင်အမြန်ကျဆုံးပါစေလို့ပဲ ဆန္ဒပြုကြရတော့မယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးစကားနဲ့ မထိုက်တန်တဲ့ သူပုန်အကြမ်းဖက်တွေ ထင်ထင်ရှားရှား တွေ့လာနေရပြီဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန် ပြတ်ပြတ်သားသား လက်တုံ့ပြန်ဖို့ကလွဲပြီး အခြားမရှိပါပြီ။ ။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း






နေပြည်တော် ဩဂုတ် ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းကို ကျင်းပခြင်းအားဖြင့် အဂတိလိုက်စားမှုမြောက်နိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုဖြစ်စေသည့် အဂတိလိုက်စားမှုမြောက်နိုင်သည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို မိမိတို့နိုင်ငံ့ဝန်ထမ်းများ ပိုမိုသိရှိနားလည်ပြီး အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သော အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်ကြမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံတိုင်း၌ ကြုံတွေ့နေရသည့် ပဋိပက္ခများစွာ၏ အခြေခံအကြောင်းတရားတစ်ခုဖြစ်သည့် အဂတိလိုက်စားမှု ပြဿနာကို တိုက်ဖျက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံ့ဝန်ထမ်းတိုင်းက လိုက်နာရန် တာဝန်ရှိကြောင်း၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်စေရန်အတွက် နိုင်ငံသားများအားလုံး၊ ပြည်သူ့ဝန်ထမ်းများအားလုံးက ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ စရိုက်လက္ခဏာကောင်းများဖြင့် လိုက်နာထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**တိုက်တွန်းပြောကြား**

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦးက အဂတိလိုက်စားမှုသည် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် ဆက်စပ်လျက်ရှိသည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာကြောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏ အမွေအနှစ်၊ အရင်းအမြစ်များ၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေများ နစ်နာဆုံးရှုံးပြီး အခြေခံလူတန်းစားများ၏ ရပိုင်ခွင့်ကို ထိခိုက်နစ်နာစေနိုင်ကာ ဆင်းရဲနွမ်းပါးမှု သံသရာကို ဖြစ်ပေါ်စေကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူကြား ယုံကြည်မှုတည်ဆောက်ရာတွင် အဓိက ကျသူများဖြစ်၍ နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် အဂတိကင်းစွာ တာဝန် ထမ်းဆောင်ရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြောက်ဥက္ကလာပမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါတရားရုံး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်တို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်တရားရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး တရားရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ G3 GROUP ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးပိုင်က ရုံးအဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရုံးအဆောက်အအုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြောက်ဥက္ကလာပမြို့နယ် တရားသူကြီး ဦးရဲမင်းထွန်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့အား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အဆောက်အအုံသစ် ဖွင့်ပွဲ အထိမ်းအမှတ်တံဆိပ်ကို လက်ဆောင်ပေးအပ်သည်။

အဆိုပါ မြောက်ဥက္ကလာပမြို့နယ် တရားရုံးအဆောက်အအုံသစ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြီးကြပ်လမ်းညွှန်းဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ခွင့်ပြုရန်ပုံငွေကျပ် စုစုပေါင်း ၄၃၂၅ သန်းဖြင့် G3 GROUP ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# မကွေးမြို့၌ ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မကွေး ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး စတုတ္ထအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ နံကပ်ကျွန်းကျေးရွာအုပ်စု၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မဲဇလီ၊ ဆီးဖြူ၊ ဖန်ခါး၊ မန်ကျည်း၊ တမာ၊ ပိတောက်၊ သပြေဘူတ၊ ခရေ၊ မည်စည်၊ သခွတ်(ဟင်းငုတ်)၊ ရင်းမာ စသည့်သစ်မျိုး ၁၁ မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကျော် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**




# ဇလွန်မြို့နယ် တောင်ရေးရောင်းဝယ်ရေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ဇလွန် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် တောင်ရေး ရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက် ၁၁ နာရီတွင် မြို့နယ်သမဝါယမ အသင်းစု၌ ကျင်းပသည်။

အခမ်းအနားတွင် ဇလွန်မြို့နယ် တောင်ရေးရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးသန်းဖေနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်စိုးအေးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းပြီး အသင်းသား၊ အသင်းသူများက ပြန်လည်ဆွေးနွေးကာ အတည်ပြုလက်ခံခဲ့ကြသည်။ ထို့နောက် အသင်းသားများအား ရင်းနှီးငွေအပေါ် အကျိုးအမြတ်များ ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သော မိုးစပါးစိုက်တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်



နေပြည်တော် ဩဂုတ် ၂၈

ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သော မိုးစပါးစိုက်တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ သတ်မှတ်ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး ဆောင်ရွက်ပေးနေမှု၊ မျိုးစေ့ချကိရိယာနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများ သုံးစွဲနိုင်မှ သီးနှံများ သတ်မှတ်ပန်းတိုင် အထွက်နှုန်း ရရှိမည်ဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိမှသာ တောင်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စီးပွားရေးအဆင်ပြေမှသာ နိုင်ငံ့စီးပွားရေး အဆင်ပြေတိုးတက်လာမည်ဖြစ်သောကြောင့် ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများ ထောက်ပံ့ရာတွင် ဈေးနှုန်းအနေဖြင့် ရန်ကုန်အထိုင် ပြင်ပပေါက်ဈေး ယူရီးယား တစ်အိတ်လျှင် ငွေကျပ် ၁၀၂၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းသည် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၈၉၅၀၀ ဖြစ်ကြောင်း၊ ရန်ကုန်အထိုင်ပြင်ပပေါက်ဈေး ကွန်ပေါင်းတစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းသည် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၁၂၀၀၀၀ ဖြစ်ကြောင်း၊ သယ်ယူစရိတ်နှင့် နိုင်ငံတော်သို့ ပေးသွင်းရမည့် နှစ်ရာခိုင်နှုန်းအတိုးပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက ယူရီးယားနှင့် ကွန်ပေါင်းတစ်အိတ် လျှင် တောင်သူများ လက်ဝယ်အရောက် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ သက်သာမည်ဖြစ်ကြောင်း၊ သီးနှံပေါ်ပါက ယခုသွင်းအားစုတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမ ချေးငွေများ၊ မြစိမ်းရောင် ချေးငွေများကို အပြေအကျေ ပြန်ဆပ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ မိုးစပါးစိုက်တောင်သူများအတွက် ယူရီးယား၊ ကွန်ပေါင်း သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနတို့၏ ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့နယ် မြိုင်ကုန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည့် မြိုင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိုင်ကုန်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားတောင်သူများ၏ မိုးကြိုဝါခူးဆွတ်နေမှုနှင့် မြစ်သားမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာရှစ်ရွာရှိ အိမ်ခြေ ၁၅၃၇ အိမ်၊ လူဦးရေ ၆၈၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် အမှတ်(၄) ခရိုင်ပတ်လမ်း မြင်းခြံကုန်း-ခံတက္ကုန်း-နမ်းခင်း-ရွှေစေတီကျေးရွာချင်းဆက် လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



မန္တလေး ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် အတွင်း စိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုလကျေးရွာ ဇော်ဂျီရေသောက်စနစ်အတွင်းရှိ ငပြောင်ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးဝေနေမှု၊ သံရွာပြည်သူ့ဆေးရုံ၌ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက လူနာများလက်ခံကုသပေးနေမှု၊ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးကုသဆောင်များ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှု ခံယူနေသူများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဖျာပုံမြို့၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဖျာပုံ ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက ဖျာပုံ-အမာ ကားလမ်းဘေးတွင် ကျင်းပသည်။

အဆိုပါ စိုက်ပျိုးပွဲတွင် ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူများက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ခရေပင် ၃၀၊ မန်ကျည်းရှား ၁၅၃ပင်၊ ရေတမာပင် ၃၀၊ ကံ့ကော်ပင် ၃၀ စုစုပေါင်းပျိုးပင် ၂၄၃ ပင်အား စနစ်တကျစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကျောက်ဆည်တက္ကသိုလ် သတ္တဗေဒဌာနမှ ကျောင်းသား ကျောင်းသူများ ကူမဲမြို့နယ် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါး ဆေးထိုးသားဖောက်သည့် ပညာရပ်သင်တန်းသို့ သွားရောက်လေ့လာ



စဉ့်ကိုင် ဩဂုတ် ၂၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာလဲ့လဲ့ထွန်း ဦးစီး၍ ကြီးကြပ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၈ ဦးတို့သည် ဩဂုတ် ၂၆ ရက်က ကူမဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်သည့် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါး ဆေးထိုးသားဖောက်သည့် ပညာရပ် (၁/၂၀၂၅)သင်တန်းသို့ စာတွေ့လက်တွေ့ သွားရောက်လေ့လာခဲ့သည်။

ထိုသို့လေ့လာရာတွင် ကူမဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောအောင်ကိုလတ်နှင့် ဒုတိယဦးစီးမှူး ဒေါ်ကေသီရွှေတို့က ကျောင်းသား ကျောင်းသူများအား အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါး ဆေးထိုးသားဖောက်သည့် ပညာရပ်နှင့် သက်ဆိုင်သည်များကို စာတွေ့ရှင်းလင်းပို့ချသင်ကြားခဲ့ပြီး သင်တန်းကို နှစ်ရက်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# 2025 Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်




ရန်ကုန် ဩဂုတ် ၂၈

2025 Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးJeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဂုဏ်ပြုသည့် Yangon Galacticos Esports အားကစားအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့၌ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်အထိ ကမ္ဘာ့အဆင့် Esports World Cup ပြိုင်ပွဲ၏ PUBG Mobile ကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ Esports အားကစားအဖွဲ့ချုပ်သည် သက်တမ်းအားဖြင့် နုနယ်လှသော်လည်း Esports အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ချုပ်၏အစီအစဉ်ဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ Esports အားကစားနည်းဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မြန်မာနိုင်ငံ ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ခဲ့ပြီး ဆုကြေးငွေများကို ချီးမြှင့်ခံခဲ့ရကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှု အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းနိုင်ရေး Sustainable Development အတွက် မြန်မာပြည်တစ်ဝန်းမှ Esports ဝါသနာရှင် ရွက်ပုန်းသီး အားကစားသမားများကိုဖော်ထုတ်နိုင်ရန် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်နိုင်ရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုသည်လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း Esports အဖွဲ့ချုပ်၏ စီမံဆောင်ရွက်နိုင်မှု၊ Esports လက်ရွေးစင်အားကစားသမားများ၏ ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်မှုများ၏ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံတော်အလံကို နိုင်ငံတော်သီချင်းနှင့်အတူ ထိုင်းနိုင်ငံ၌ အလံတိုင်ထိပ်အရောက် လွှင့်ထူနိုင်မည်ဟု ယုံကြည် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် 2025 Esports World Cup ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက 2025 Esports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၄၀၀ နှင့် အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀၀ တို့ကို ချီးမြှင့်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေကျပ် သိန်း ၁၀၀ ချီးမြှင့်သည်။

ဆက်လက်၍ KBZ Group မှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၈၀၀၀ အပါအဝင် အလှူရှင်များက အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အလှူရှင်များ၏ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ကျပ်သိန်း ၁၃၁၀၀ ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစား အဖွဲ့အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက 2025 Esports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ပြီး ဆုရအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

Yangon Galacticos Esports အားကစားအသင်းသည် မြန်မာနိုင်ငံ ကိုယ်စားပြုပြီး ကမ္ဘာ့အဆင့် Esports World Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်၍ မြန်မာ့အားကစားသမိုင်းတွင် အားကစားနည်းမျိုးစုံအနက် ပထမဆုံးနှင့် ကမ္ဘာ့အဆင့် ရွှေတံဆိပ်ရရှိခဲ့သည့်တစ်ခုတည်းသော အားကစားနည်းအဖြစ် မှတ်တမ်းတင် နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ကမ္ဘာ့အဆင့်တွင်ရင်ပေါင်တန်းယှဉ်ပြိုင် အနိုင်ရခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အပြင် မျိုးဆက်သစ် မြန်မာလူငယ်များအတွက် စိတ်ခွန်အားတက်ကြွမှု ဖြစ်ပေါ်စေသဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ Esports အားကစားသမားများ အားလုံးနှင့် မြန်မာနိုင်ငံ Esports အဖွဲ့ချုပ် Founder နှင့် ဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လည်းကောင်း၊ Esports အဖွဲ့ချုပ်အတွက် နှစ်စဉ်ငွေကျပ်သန်းပေါင်း ၄၀၀၀ ကျော် ထောက်ပံ့လှူဒါန်းခဲ့သော KBZ Bank နှင့် KBZ Group နာယကကြီး ဦးအောင်ကိုဝင်းအားလည်းကောင်းဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိ



မုံရွာ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နည်းပြဆရာ ဆရာမများနှင့် တွေ့ဆုံပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းအစည်းအဝေးခန်းမများ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ချီးမြှင့်ငွေကျပ် ၁၀ သိန်းစီပေးအပ်ပြီး သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Golden Mandalar Co.,Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးထောက်ပံ့

နေပြည်တော် ဩဂုတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့် နတ်မသောက်ချောင်း တံတား အရှည် ၂၅ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၂ပေ နှင့် တောင်ပို့သာကျေးရွာနှင့် အုန်းပင်ကျေးရွာကြားရှိ ဘေလီတံတား (ယာယီ) အရှည် ပေ ၁၃၀၊ အကျယ် ၁၂ ပေ တံတားပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ ကိုးခမ်းကြီးဘုန်းကြီးကျောင်း ရေဘေးရှောင်စုရပ်သို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ စောင်နှင့် သောက်ရေသန့်များကို ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုံရီ (မြန်မာ) ကုမ္ပဏီက လှူဒါန်းသော လျှော်ဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၆၀ ကို လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ



ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ဂိုဏ်းထောက်ဘုန်းကြီးကျောင်း ရေဘေးရှောင်စခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ စောင်၊ ရေသန့်၊ ကြက်ဥ အစရှိသည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပိတောက်ချောင်ဘုန်းကြီးကျောင်း ရေဘေးရှောင်စခန်းသို့ ဆက်လက်သွားရောက်ကာ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး၊ စောင်၊ ရေသန့်၊ ကြက်ဥ အစရှိသည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာများအလိုက် ရေဝင်ရောက်မှုအခြေအနေများ၊ ရပ်ကွက်ကျေးရွာများ၏ သန့်ရှင်းသာယာလှပရေးနှင့် တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာလိုက်နာဆောင်ရွက်ရန်များကို မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပျဉ်းမနားမြို့ အုန်းတောဘုန်းတော်ကြီးကျောင်း ရေဘေးရှောင်စုရပ်သို့ ရောက်ရှိကာ စောင်၊ ဆန်ရိက္ခာ၊ ခေါက်ဆွဲခြောက်၊ သောက်သုံးရေသန့်များကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပြီး အားပေးစကားပြောကြားသည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်း လတ်တလောဖြစ်ပွားနေသော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၃၄၄ သိန်းကျော်တန်ဖိုးရှိ စောင်၊ ဆန်ရိက္ခာ၊ ခေါက်ဆွဲခြောက်၊ သောက်သုံးရေသန့်၊ မိုးကာလိပ် အစရှိသည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးထားသည့်အပြင် လိုအပ်သည်များကို ဆက်လက်ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နေပြည်တော်ကောင်စီ သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့်လည်း ရေဘေးသင့်ပြည်သူများ လတ်တလောနေထိုင်စားသောက်ရေး၊ ကျန်းမာရေးအစရှိသည်တို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် ဩဂုတ် ၂၈

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာသို့ သွားရောက်၍ ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှု၍ ယာယီဆေးခန်း ဖွင့်လှစ်ကာ ရေဘေးရှောင်ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်နေမှုများကို ကြည့်ရှုပြီး လူနာများကို အားပေးစကား ပြောကြား၍ ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေတွင်းဖြူကျေးရွာရှိ ရေတွင်းဖြူကျောင်းတိုက် ရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ယာယီဆေးခန်း ဖွင့်လှစ်၍ ရေဘေးရှောင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်နေမှုများကိုကြည့်ရှုကာ စခန်းတာဝန်ခံအားတွေ့ဆုံ၍ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ညောင်ပင်သာကျေးရွာရှိ ပြန်လည်ထူထောင်ရေးစီမံကိန်းသို့ သွားရောက်ကာ ရေဝင်ရောက်မှု အခြေအနေကို ကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရေဝင်ရောက်ခဲ့သော ရပ်ကွက်နှင့် ကျေးရွာများတွင် ကူးစက်ရောဂါ ကာကွယ်ရေးနှင့် သောက်သုံးရေ သန့်ရှင်းရေးလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀) ဆံ့ ဆေးရုံသို့ သွားရောက်ပြီး ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ ကိုးခမ်း



ကြီးဘုရားတွင် ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းသို့သွားရောက်ပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ယာယီဆေးခန်းဖွင့်လှစ်ကုသပေးမှုများကို ကြည့်ရှုစစ်ဆေးကာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့နှင့် ဆေးကုသရေးအဖွဲ့များ အလှည့်ကျတာဝန်ချထားရေး၊ ဆေးစိမ်ခြင်ထောင်များ ပေးဝေရေး၊ သက်ကြီးဘိုးဘွားများအား သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများ စစ်ဆေးကုသမှုပေးရေးနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေနှင့် စခန်းတာဝန်ခံအား တွေ့ဆုံ၍ ရေဘေးရှောင်ပြည်သူများအတွက် ကြက်ဥ၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျည်တောင်ရေဘေးရှောင်စခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျည်တောင်ကျေးရွာရှိ ရေဘေးရှောင်စခန်း၌ ဩဂုတ် ၂၇ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် စိတ်လူမှုဆိုင်ရာ ပံ့ပိုးနှစ်သိမ့် ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဆုဝေဦးဆောင်၍ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်းပြီး ကျည်တောင်ကျေးရွာ ရေဘေး



ရှောင်စခန်းမှ ရေဘေးသင့်ပြည်သူများကို လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်စေရန် နှစ်သိမ့်ဆွေးနွေး ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း ကျန်းမာရေး အသိပညာပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ရေတွင်းရေကန်များအား ကလိုရင်းခတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဆေးဖျန်းခြင်း၊ သောက်သုံးရေများအား Water tablet ထည့်ခြင်း၊ ရေဘေးသင့် မိသားစုဝင်များအား ဆေးစိမ်ခြင်ထောင်များ၊ လက်သန့်ဆေးရည်များ၊ ယင်လုံအိမ်သာခွက်နှင့် ဆက်စပ်ပစ္စည်း ဖြန့်ဝေခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# ကြံခင်းမြို့၌ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

ကြံခင်း ဩဂုတ် ၂၈

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ကြံခင်းမြို့ မြို့မရပ်ကွက် နန်းမြတ်တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကင်းဝေးစေရန် အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။



အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် သဘာဝဘေးအန္တရာယ် ကင်းဝေးစေရန် ရေဘေး၊ မီးဘေး၊ မိုးခေါင်ရေရှား၊ လေပြင်းတိုက်ခတ်မှု၊ မြေလျောင်လျှောခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ဆူနာမီဘေးများကို ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးများပါရှိသည့် လက်ကမ်းစာစောင်များကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်၍ မီးဘေးလုံခြုံရေး ဟောပြောခြင်း၊ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြအရန်မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် ကင်းဝေးစေရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# (၁၄) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

(၁၄) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာ နိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းတို့မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှကိုယ်စားလှယ်များ၊ စာတမ်းရှင် သုတေသီများနှင့် ဖိတ်ကြားထားသောဧည့်သည်တော် များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာသူများက တိုင်းရင်းဆေး ပညာရှင်များ၏ နဝရတ်ကတိသစ္စာကို သံပြိုင်ရွတ်ဆို ၍ စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အစိုးရက တိုင်းရင်းဆေးသုတေသနများ ဆောင်ရွက် ရန် အားပေးနေချိန်တွင် အရှိန်အဟုန်မြှင့်၍ သုတေသနကျင့်ဝတ်နှင့်အညီ စနစ်တကျဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်သည့် လုပ်ငန်းများသည် နိုင်ငံတော်အစိုးရက အားပေး ဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များတွင် ပါဝင်လျက်ရှိသဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းဆေးဝါးလုပ်ငန်း ရှင်များအနေဖြင့် ဆေးနံ့သာတုပ်ကွေးအဖျားပျောက် ဆေးကဲ့သို့ စနစ်ကျစွာထုတ်လုပ်ရန်လိုကြောင်း၊ လုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အညီ ရိုးရာအသိပညာ ကို ကာကွယ်ရေးအတွက် မူပိုင်ခွင့်ကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

စာတမ်းဖတ်ပွဲတွင် မန္တလေးလျှောင်ကြီး ဘေးဒဏ်သင့်ဒေသများရှိ ကျေးရွာနေပြည်သူများ အား ကွင်းဆင်းဆေးကုသခြင်း၊ လေ့လာခြင်းနှင့် ပတ်သက်သည့်စာတမ်းများပါဝင်မည် ဖြစ်သဖြင့် ပြန်လည်အသုံးချနိုင်သော ပြည်သူ့ကျန်းမာရေး အကျိုးပြုသုတေသနရလဒ်များ ရရှိစေမည်ဖြစ် ကြောင်း၊ ဆွေးနွေးချက်များကို စနစ်တကျမှတ်တမ်း များထားရှိပြီး မိမိတို့မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ကြရန်နှင့် သုတေသနတွေ့ရှိချက်များကို မျှဝေဖလှယ်ဆွေးနွေးညှိနှိုင်းကာ မြန်မာ့တိုင်းရင်းဆေး ပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ပြသထားသော သုတေသနပိုစတာများကို လှည့်လည်အားပေး ကြည့်ရှုသည်။

စာတမ်းဖတ်ပွဲကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိကျင်းပ၍ သုတေသနစာတမ်းအစောင် ၂၀ နှင့် ပိုစတာ ငါးစောင်ကို ဖတ်ကြားပြသမည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးဝါးများ၏ ဘေးအန္တရာယ် ကင်းရှင်းမှု၊ အာနိသင်ထိရောက်မှုကို စမ်းသပ်လေ့လာ ခြင်း၊ မြန်မာတိုင်းရင်းဆေးဝါးများ အသုံးပြုမှုကို ပြည်သူလူထုအတွင်း လေ့လာခြင်းစသည့် အကြောင်း အရာများကို ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ကာကွယ် ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာနတို့က စာတမ်းများဖတ်ကြား တင်သွင်းကြမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင် များနှင့်အတူ အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)ရှိခြေတုလက်တုနှင့်အားပြုကိရိယာအလုပ် ရုံ၌ မန္တလေးလျှောင်ကြီးကြောင့် ခြေလက်ဆုံးရှုံးခဲ့ရ သူများအား ခြေတုလက်တုများ တပ်ဆင်ပေးအပ် သည့်အခမ်းအနားသို့ တက်ရောက်ပြီး ဆေးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိ ပြီး ခြေလက်အင်္ဂါဆုံးရှုံးခဲ့သူများအား နိုင်ငံတော် အကြီးအကဲ၏ စေတနာလမ်းညွှန်မှုဖြင့် အလုံးစုံ တာဝန်ယူကူညီပံ့ပိုးပေးလျက်ရှိပြီး အရည်အသွေး ကောင်းမွန်သော ခြေတုလက်တုများ တပ်ဆင်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် အမျိုးသား ပြန်လည်သန်စွမ်းရေးဆေးရုံ(ရန်ကုန်)နှင့် အရိုးရောဂါ အထူးကုဆေးရုံကြီး(မန္တလေး)တို့တွင် ဆောင်ရွက်ပေး လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ခြေလက်ဆုံးရှုံး သူ ၂၂ ဦးကို ပထမအသုတ်အဖြစ် တပ်ဆင်ကုသပြီး ဖြစ်ပြီး ဒုတိယအသုတ်အဖြစ် ခြေတုလက်တုတပ်ဆင် ရန်အသင့်ဖြစ်သူ ၂၁ ဦးကို မန္တလေးနှင့် ရန်ကုန်တို့တွင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၂၀ ရက်က (၈၄) ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုအဖြစ်ဆောင်ရွက်ခဲ့သည့် လူနာနှင့် ကျောက်ကပ် အလှူရှင်တို့အား တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါကျောက်ကပ်လူနာသည် အမရပူရမြို့ နေ အသက် ၃၀ ရှိ အမျိုးသားဖြစ်ပြီး ကျောက်ကပ် အလှူရှင်သည် ၎င်း၏ဝမ်းကွဲညီဖြစ်သူ အသက် ၂၂ နှစ်ရှိ အမျိုးသားဖြစ်ကာ ၎င်းတို့၏ ကျန်းမာရေး အခြေအနေကောင်းမွန်လျက်ရှိသည်။

ထို့နောက် ပြတ်တောက်သွားသည့် ဘယ်ဘက် လက်ဖျံကို ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုခံယူ ခဲ့သည့်လူနာအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဘယ်ဘက်လက်ဖျံပြတ်တောက်ခဲ့သူ လူနာ သည် ကျောက်ဆည်မြို့နေ အသက် ၄၀ ရှိ အမျိုးသား ဖြစ်ပြီး လက်ပြန်ဆက်သည့် ခွဲစိတ်ကုသမှုကို ဩဂုတ် ၁၉ ရက် ည ၁၀ နာရီ ၅ မိနစ်မှ စတင်ကာ ၇ နာရီနီးပါး ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ခွဲစိတ်ပြီး လက်၏သွေးလှည့်ပတ်မှုမှာ တိုးတက်ကောင်းမွန်လျက် ရှိပြီး လက်လှုပ်ရှားမှုများ စတင်ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဖြူးမြို့နယ် (ခုတင် ၁၀၀) ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများက အုတ်တွင်းမြို့နယ်၌ ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေး

အုတ်တွင်း ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် (ခုတင် ၁၀၀) ဆေးရုံကြီးမှ ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာခိုင်ဆွေဆွေညွန့် ဦးဆောင်သော ဆရာဝန်ကြီးနှင့်ဆေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီက အုတ်တွင်း မြို့နယ် ပြည်သူ့ဆေးရုံ၌ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် အုတ်တွင်းမြို့နယ်ရှိ ဒေသခံပြည်သူ ၃၂ ဦးအား အခမဲ့ Ultrasoundရိုက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက် မှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် ဖြူးမြို့နယ် (ခုတင် ၁၀၀) ဆေးရုံကြီးမှ ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာခိုင်ဆွေဆွေညွန့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အုတ်တွင်း မြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ချောင်းဆုံမြို့နယ်ရှိ ကျောင်းကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းနှင့် လူငယ်စကားဝိုင်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး



ချောင်းဆုံ ဩဂုတ် ၂၈

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူ များ ကာယဉာဏ ဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် ကွမ်သဲ (အထက)ကျောင်းတွင် ကျောင်း ကျန်းမာရေး စစ်ဆေးခြင်း၊ အာဟာရ ကျွေးမွေးခြင်းနှင့် ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုး တိုးတက်ရေးလှုပ်ရှားမှု လူငယ် စကားဝိုင်းများ ဆောင်ရွက်လျက် ရှိရာ ယနေ့နံနက် ၉ နာရီက မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်အဆင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူ များ ကြည့်ရှုအားပေးကြသည်။

### ကြည့်ရှုအားပေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကွမ်သဲ (အထက) ကျောင်းအတွင်း ကျန်းမာရေးဦးစီးဌာနမှ ကျောင်း ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသ ခြင်းလုပ်ငန်းများ၊ သွားနှင့်ခံတွင်း အထွေထွေ စစ်ဆေးကုသခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် KG ကျောင်းသား ကျောင်းသူများ ကို ကျန်းမာရေးသတ်မှတ်စံနှုန်း များနှင့်အညီ အာဟာရကျွေးမွေး ခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ကွမ်သဲ (အထက)ကျောင်း အောင်သပြေ ခန်းမ၌ ပြုလုပ်သည့် ကျောင်း စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှု လူငယ်စကားဝိုင်းသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို မြို့နယ်(ပြန်/ဆက်) ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာ က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ပါဝင်ဆွေးနွေးသူ များအဖြစ် Grade–12 ကျောင်းသား မောင်အောင်ပြည့်ဖြိုးက “မူးယစ် ဆေးဝါး၏ ဆိုးကျိုး”၊ Grade–10 ကျောင်းသား မောင်ပညာသွန်းက “ မူးယစ်ဆေးဝါး သုံးစွဲခြင်း ကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာ”၊ Grade– 12 ကျောင်းသူ မခိုင်ဝါမြင့် က“မူးယစ်ဆေးဝါးအမျိုးအစား” နှင့် Grade–10 ကျောင်းသူ မဖြူစင်အေးမင်းက “မူးယစ် ကင်းစင်ရေးအတွက် လုပ်ဆောင် ရမည့်အချက်” စသည့်ခေါင်းစဉ် များဖြင့် ဆွေးနွေးကြပြီး တက် ရောက်လာကြသူများက သိရှိ လိုသည်များကို ပြန်လည်ဖြေကြား ကြသည်။

ထို့နောက် ကွမ်သဲ (အထက) ကျောင်း ဘင်ခရာတီးဝိုင်းအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူ နိုင်ရန်အတွက် ချီးမြှင့်ငွေကျပ် သိန်း ၃၅၀ နှင့် လူငယ်စကားဝိုင်း တွင် ဦးဆောင်ဆွေးနွေးသူနှင့် ပါဝင် ဆွေးနွေးခဲ့ကြသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ် ကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားခဲ့ကြောင်း သိရ သည်။ **ကိုကျော်(ချောင်းဆုံ)**

# ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင် ၂၆ ဦး တက်ရောက်မည့် တရုတ်ပြည်သူများ၏ ဂျပန် ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကျင်းပမည်

ပေကျင်း ဩဂုတ် ၂၈

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားကို စက်တင်ဘာ ၃ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး စစ်ရေးပြ အခမ်းအနား ကျင်းပရန်အတွက် ထျန်းအန်းမင်ရင်ပြင်၌ အထွေထွေလေ့ကျင့်မှုများ ယေဘုယျအားဖြင့် ပြီးစီးပြီဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ပေကျင်းမြို့ မီဒီယာစင်တာဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။




စစ်ရေးပြအခမ်းအနား၌ စနစ်တကျဖွဲ့စည်းထားသည့် စစ်သည်တော်များ၊ လက်နက်များမှာ အလွန်ပမာဏ များပြား ပြည့်စုံ၍ ခေတ်သစ်ပြည်သူ့တပ်မတော်၏ နိုင်ငံရေး၊ အင်အားနှင့် ခေတ်မီတည်ဆောက်ခြင်းတို့အား စုစည်းဖော်ထုတ်မှုပင်ဖြစ်ကြောင်း စစ်ရေးပြ အခမ်းအနား ဦးဆောင်အဖွဲ့ရုံး ဒုတိယဥက္ကဋ္ဌ တရုတ်ဗဟိုစစ်ရေးကော်မရှင် ပူးတွဲစစ်ဦးစီးဌာန စစ်ဆင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် Wu Zeke က သတင်းထောက်များကိုပြောကြားသည်။

ယခုနှစ် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ်ဆောင်ပုဒ်မှာ "သမိုင်းကို စွဲမြဲစွာမှတ်မိခြင်း၊ သူရဲကောင်းအာဇာနည်များကို အောက်မေ့ခြင်းနှင့် ငြိမ်းချမ်းရေးကို တန်ဖိုးထား၍ အနာဂတ်အရေးကို ဖန်တီးခြင်း" ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟောင်လဲ့က ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရုရှားနိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မြန်မာနိုင်ငံ စသည့်ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင် ၂၆ ဦး တက်ရောက်မည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူက ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံအသီးသီးမှ လွှတ်တော်အကြီးအကဲများ၊ ဒုတိယဝန်ကြီးချုပ်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိအကြီးအကဲများလည်း တက်ရောက်မည်ဖြစ်ရာ တက်ရောက်သည့် ထိပ်သီးဧည့်သည်တော်များမှာ ရာထူးအဆင့်အတန်းမြင့်မားခြင်း၊ ကမ္ဘာ့တိုက်ကြီးငါးတိုက်မှ ခိုင်မာသည့် ကိုယ်စားပြုမှုရှိသောအစိုးရနှင့် အရပ်ဘက်ပုဂ္ဂိုလ်များ ပါဝင်ခြင်းနှင့် ကျယ်ပြန့်သောပူးပေါင်းမှုရှိခြင်းဟူသည့် အဓိကထူးခြားချက် သုံးရပ်ရှိကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းပြောကြားသည်။

စက်တင်ဘာ ၃ ရက်ညနေပိုင်းတွင် အခမ်းအနားအောင်ပွဲပဒေသာကပွဲကြီးကို ပြည်သူ့ခန်းမဆောင်ကြီး၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံ့ခေါင်းဆောင်များ၊ စစ်ပွဲအတွင်း ပါဝင်ခဲ့သည့် အငြိမ်းစားစစ်သည်တော်ကြီးများနှင့် လူထုကိုယ်စားလှယ်များစသည်ဖြင့် အလွှာပေါင်းစုံမှ ပဒေသာကပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၁၁၁ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၆၅၂၅၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၁၉၀ တန်၊ အခြားသစ် ၈ ဒသမ ၀၀၂ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၃၂၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်မြို့ ပြည်တော်အေးရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းဘူးမြို့နယ် လေးတိုင်စင်ကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀)ကို လောင်းကစားဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ဩဂုတ် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ သန်လျင်မြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် ခြောက်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ် (၃)ရပ်ကွက်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၀၉ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၄ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၅၃၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၂၂၇၉ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဩဂုတ် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထူးပြည်တွင်းကမ်းရိုးတန်း ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဝင်ရောက် ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၈၃ မျိုး၊ စားသောက်ကုန်ပစ္စည်းသုံးမျိုး(ခန့်မှန်းတန်ဖိုးငွေ ၄၉၃၂၉၁၈၆၉၅ ကျပ်) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-10 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀) ကို လည်းကောင်း၊ ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်း တံတား၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၃၉၀၉၇၅၃၇ ကျပ်) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များ အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၅၂၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၇၂၅၇၈၆၂၃၂ ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၈ ရက်တွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ မူးယစ်ဆေးဝါးမျိုးစုံ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၄၁၀၀၀) ကို သိမ်းဆည်းရမိခဲ့သည်။

ဩဂုတ် ၂၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ခြောက်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၁ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၇၂၈၉၃၇၂၃၁ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




တပ်မတော်စစ်ကြောင်းများက ဖယောင်းတောင်သတ္တုတွင်းနှင့် အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်လည်ထိန်းချုပ်မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ်ရှိ အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

❍ TNLA မှ

ထို့ပြင် စိတ်ကူးယဉ်စစ်ရေးအိပ်မက်တစ်ခုဖြစ်သည့် နိုင်ငံ၏ ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်းဆက်သွယ်မှု အချက်အချာတစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက်လည်း TNLA လက်နက်ကိုင် အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ ၂၀၂၄ ခုနှစ်နှစ်လယ်ပိုင်းမှစ၍ ကြံစည်လုပ်ဆောင်လာခဲ့သည်။

NUG သည် မန္တလေး၊ စစ်ကိုင်းနှင့် မိတ္ထီလာ လွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCS ပြုလုပ်သည့် သစ္စာဖောက် ဝန်ထမ်းများကို မက်လုံးပေးစည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချကာ MDY – PDF အမည်ခံအကြမ်းဖက်သမားများအဖြစ် မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့်အဓမ္မအင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့်အတူ TNLA အကြမ်းဖက် အဖွဲ့များကပါ ပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ်စစ်ရေးအိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း–မန်း စစ်ဆင်ရေးအမည်ဖြင့် စစ်ရေး အကြမ်းဖက်မှုများကို စတင် ဖော်ဆောင်လာခဲ့ကြသည်။ ၎င်းတို့သည် မန္တလေးမြို့အား အလုံးစုံ သိမ်းယူရရှိနိုင်ရေးအတွက် မတ္တရာစစ်ကြောင်း၊ ပုသိမ်ကြီးစစ်ကြောင်း၊ ပြင်ဦးလွင်စစ်ကြောင်း စသည့်စစ်ကြောင်းများ သတ်မှတ်ကာ မန္တလေးသို့ ဦးတည်၍ တိုက်ကွက်များဖော်ဆောင်လာခဲ့သည်။ ထိုသို့လုပ်ဆောင်လာစဉ် မိုးကုတ်–သပိတ်ကျင်း– မတ္တရာ – မန္တလေး လမ်းကြောင်း တစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့/ရွာများနှင့် နိုင်ငံအကျိုးပြု အစိုးရနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင် လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းလာခဲ့ကြသည်။




















TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့် အလောင်းများ မှတ်တမ်းဓာတ်ပုံ။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက် ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့/ရွာများနှင့် နိုင်ငံအကျိုးပြု စက်ရုံ၊ အလုပ်ရုံများ ၎င်းတို့လက်အောက်သို့ကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ အပြင်းအထန်ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် လမ်းကြောင်း တစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား အဓမ္မခြိမ်းခြောက် လူသစ်စုခြင်းဖြင့် သာလွန်အင်အား ဖန်တီးလာခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးပြုတိုက်ခိုက်လာခြင်း တို့ကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာကာ ပြည်သူလူထု၏ နေအိမ်များ၊ နိုင်ငံအကျိုးပြုစက်ရုံ အလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရေးတို့အတွက် ကြားခံစစ် အဆင့်ဆင့်ဖြင့် စနစ်တကျ ဆုတ်ခွာပေးပြီး မတ္တရာဒေသ၌ အချိန်ကာလတစ်ခုအထိ မဆုတ်တမ်းခံစစ်စည်း သတ်မှတ်၍ စနစ်တကျဟန့်စစ်ဆင်ခြင်းနှင့် တန်ပြန် သွေးတိုးစမ်းတိုက်ခိုက်ချေမှုန်းခြင်းများ ပြုလုပ်ခဲ့သည်။ မတ္တရာဒေသ၏ အရှေ့ဘက်ရှိ TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် မန္တလေးသို့ ရောက်ရှိနိုင်ရေး မတ္တရာဒေသအား အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများ၏ လှေခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက်၊ ဒေသခံပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာဖြင့် အပြင်းအထန် ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်စစ်မှာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မတ္တရာမြို့၏ မြောက်ဘက် ရေနံ့သာကျေးရွာတစ်ဝိုက်၊ အရှေ့ဘက်ရှိ နိုင်ငံအကျိုးပြု အယ်လ်ဖာ ဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင် သတ္တုတွင်းနေရာ တစ်ဝိုက်တို့တွင် ရပ်တန့်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုရပ်တန့်ချိန်အတွင်း အကြမ်းဖက်သမားများ အနေဖြင့် ယင်းဒေသတစ်ဝိုက်ရှိ ကျေးရွာများမှ ပြည်သူပိုင်ပစ္စည်းဥစ္စာများကို ဖောက်ထွင်းယူဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ စက်ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများ၊ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ စက်ရုံထုတ်ကုန်ကြွမ်း၊ ကုန်ချောများကို အသုံးပြု၍ စစ်ရေးပြင်ဆင်ခြင်း၊ ကိုယ်ကျိုးစီးပွားအတွက် အသုံးချခြင်းနှင့် နိုင်ငံ့အဖိုးတန် ထုတ်လုပ်ပြီး သတ္တုတွင်းထွက်ရတနာပစ္စည်း အရိုင်းများကို ထုတ်ယူရောင်းချ၍ ကိုယ်ကျိုးစီးပွားဆောင်ရွက်ခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် NUG ၏ တွန်းအားပေးမှုနှင့်အတူ မတ္တရာဒေသကို အပြီးတိုင်သိမ်းပိုက်နိုင်ရေး အယ်လ်ဖာ ဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင် သတ္တုတွင်းနေရာ၌ အခိုင်အမာခြေကုပ်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်မှစ၍ မတ္တရာဒေသအရှေ့ဘက် မြကန်သာ ကျေးရွာရှိ အင်အားနည်း

**စာမျက်နှာ ၁၅ သို့ ❍**

❍ စာမျက်နှာ ၁၄ မှ
ကာကင်းစခန်းတစ်ခုကို သာလွန်အင်အား အသုံးပြုတိုက်ခိုက်ခဲ့ရာ အဆိုပါ ကာကင်းစခန်းအနေဖြင့် ဇူလိုင် ၂၀ ရက်ညပိုင်းတွင် ဗျူဟာအရ ခေတ္တခွာစစ်ဆင်၍ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကြိုတင်စုဖွဲ့ထားသည့်အဓိက ချေမှုန်းရေးတပ်များက အမြောက်၊ လက်နက်ကြီးပစ်ကူဖြင့် ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် TNLA နှင့် MDY–PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ နေရာယူစုဖွဲ့ထားသည့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ် ရရှိနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၁ ရက်မှစ၍ မတ္တရာဒေသတစ်ဝိုက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာစုဖွဲ့ထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းတို့အား အပြီးတိုင်ချေမှုန်းသုတ်သင်ရန် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး စတင်ဆောင်ရွက်ခဲ့ရာ မတ္တရာ–ဘိုကုန်း – ကျောက်တံတားဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ မြကန်သာ ကျေးရွာဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ပန်းစလောင်းတောင်ဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ဘိုင်ပင်ရွာဘက်မှ စစ်ကြောင်းတစ်ကြောင်း စသည်ဖြင့် စစ်ကြောင်းလေးကြောင်းဖြန့်၍ တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ် ပြင်းပြမှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် “ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း” ခြင်းအား အဆင့်ဆင့်ပေါင်းစပ်၍ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ နေရာများဖြစ်သော ကွန်ကရစ်ဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများ၊ မြေခွေးကျင်းများဖြင့် တည်ဆောက်ထားသည့် အခိုင်အမာနေရာအသီးသီးကို အဆင့်ဆင့်တိုက်ခိုက် ချေမှုန်းနိုင်ခဲ့သဖြင့် ဩဂုတ် ၂၄ ရက်တွင် MDY–PDF အမည်ခံအကြမ်းဖက်သမားများ အခိုင်အမာစုဖွဲ့ ထိန်းချုပ်ထားသည့် ဖယောင်းတောင်သတ္တုတွင်းဒေသအား လည်းကောင်း၊ ဩဂုတ် ၂၈ ရက် (ယနေ့)တွင် အယ်လ်ဖာဘိလပ်မြေ စက်ရုံအားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံး၊ စက်ရုံ၊ အလုပ်ရုံများပျက်စီးမှုအနည်းဆုံးဖြင့် အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများစွာဖြင့် မတ္တရာဒေသမြောက်ဘက်ခြမ်းသို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာ စစ်ဆင်ရေးကာလတစ်လ ခုနစ်ရက်အတွင်း TNLAနှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့နှင့် တိုက်ပွဲကြီးငယ် ၂၄ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူ၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း ၁၅ လောင်း၊ လက်နက်မျိုးစုံ ၄၆ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများစွာ သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့သည် ၎င်းတို့၏အခိုင်အမာနေရာများအား အယ်လ်ဖာဘိလပ်မြေစက်ရုံမှ ထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံ အမြောက်အမြားကို အသုံးပြု၍ ကွန်ကရစ်ဘန်ကာများ၊ မြေခွေးကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများကို တည်ဆောက်တံ့ပြန်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ အခိုင်အမာနေရာများ ပြုလုပ်၍ တပ်မတော် စစ်ကြောင်းများကို အဆင့်ဆင့်ပိတ်ဆို့တိုက်ခိုက်သော်လည်း တပ်မတော်စစ်ကြောင်းများက စက်ရုံနှင့် သတ္တုတွင်းနေရာများ ပြန်လည်သိမ်းပိုက်ရာတွင် စက်ရုံ၊ အလုပ်ရုံနေရာများရှိ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေး ဂရုပြု၍ ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ခဲ့ရသည်။

အယ်လ်ဖာ ဘိလပ်မြေစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု အောင်သပြေကျေးရွာအနီးတွင် တည်ရှိပြီး ၂၀၁၇ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများစတင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းစက်ရုံတွင် နိုင်ငံခြားသား ပညာရှင် ၈၀၊ ပြည်တွင်းလုပ်သား ၃၀၀ တို့ဖြင့် လည်ပတ်လျက်ရှိပြီး တစ်နေ့လျှင် ဘိလပ်မြေတန်ချိန် ၅၀၀၀ ထွက်ရှိကာ ဒေသတွင်းဘိလပ်မြေလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးလျက်ရှိသည့် စက်ရုံတစ်ရုံဖြစ်သည်။ အဆိုပါ ဘိလပ်မြေစက်ရုံအား အကြမ်းဖက်အဖွဲ့များက အခိုင်အမာနေရာအဖြစ် အင်အားစုဖွဲ့နေသည့်အချိန်တွင် စက်ရုံလည်ပတ်နိုင်ခြင်းမရှိသည့်အတွက် ဒေသတွင်း ဘိလပ်မြေလိုအပ်ချက်များပြားပြီး ဈေးနှုန်းကြီးမြင့်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသည့်အခြေအနေများကို ဒေသခံပြည်သူများအနေဖြင့် ခက်ခဲစွာရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ရှိ
စာမျက်နှာ ၁၆ သို့ ❍





တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်သတ္တုတွင်းနေရာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုမှတ်တမ်းဓာတ်ပုံ။




TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံဝင်းအတွင်း အယ်လ်ဖာဘိလပ်မြေစက်ရုံမှ ထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံအမြောက်အမြားအသုံးပြု၍ အခိုင်အမာနေရာများ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။




TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ တည်ဆောက်ထားသည့် အခိုင်အမာနေရာများကို တွေ့ရစဉ်။





TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံရှိ အဆောက်အအုံများနှင့်ယာဉ်များကို ဖျက်ဆီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဟားခါးပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသောလူနာများအား ကြည့်ရှုအားပေး



ဟားခါး ဩဂုတ် ၂၈

ချင်းပြည်နယ် ဟားခါးပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသော လူနာများကို ယနေ့မွန်းလွဲပိုင်းက ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မိုးဟိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဟားခါးအခြေချ စစ်ဗျူဟာမှူးနှင့် ၎င်းတို့၏ဇနီးများက သွားရောက်ကြည့်ရှုအားပေးသည်။

**အာဟာရဖြည့်အစားအစာများ ပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် အဖွဲ့သည် ဟားခါးပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသော လူနာများကို ကြည့်ရှုအားပေးရာ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ချမ်းငြိမ်းမောင်နှင့် အထူးကုဆရာဝန်ကြီးများက လူနာတစ်ဦးချင်းစီ၏ ရောဂါအခြေအနေနှင့် ကုသမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဟားခါးအခြေချ စစ်ဗျူဟာမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ခေတ္တပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လူနာတစ်ဦးချင်းကို အာဟာရဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# မင်းလှမြို့နယ်၌ အိုင်အိုဒင်းဆားသုံးစွဲရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

မင်းလှ ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ အိုင်အိုဒင်းဆားသုံးစွဲရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ဇေယျာသီရိဈေးတွင် အိုင်အိုဒင်းဆား ရောင်းချခြင်း၊ ဝယ်ယူစားသုံးခြင်းရှိ/ မရှိ ဈေးဆိုင်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးခြင်းကို ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဇေယျာသီရိဈေးအတွင်းနှင့် ဈေးပြင်ပရှိ ကုန်စုံဆိုင်များ၌ ရောင်းချသော အိမ်သုံးဆားများတွင် အိုင်အိုဒင်း အရည်အသွေး ပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးကြပြီး အရည်အသွေး ပြည့်မီသော ဆားများကိုသာ ရောင်းချရန်၊ အိုင်အိုဒင်းဓာတ်သည် ခန္ဓာကိုယ်ကြီးထွားစေခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးစေခြင်းတို့အတွက် အရေးပါသော သိုင်းရွိုက်ဟော်မုန်း ထုတ်လုပ်ရာတွင် မရှိမဖြစ်သော အာဟာရဓာတ်တစ်ခုဖြစ်ကြောင်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)



# အင်းစိန်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်( စတုတ္ထပတ်)အဖြစ်



အိုင်အိုဒင်းဆားချို့တဲ့သည့်ရောဂါပပျောက်ရေးလှုပ်ရှားမှုအဖြစ် ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ယနေ့တွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများက ကလေးငယ်များအား ပိုလီယိုနှင့် ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်း လုပ်ငန်းများကိုဆောင်ရွက်ကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား အိုင်အိုဒင်းဆားနှင့် ကြက်ဥများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

# အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

တောင်ငူ ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)၌ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာကျော့ကျော့ရီက အမှာစကားပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ



၁၅၀ ခန့်အား အမှတ် (၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (တောင်ငူ)မှ ဒုတိယရဲမှူး သန်းနိုင်ဦးက လူကုန်ကူးမှုနောက်ခံသမိုင်း၊ လူကုန်ကူးမှုများ ပေါ်ပေါက်လာရသည့် အကြောင်းရင်းများ၊ လူကုန်ကူးသူများ အသုံးပြုသော နည်းလမ်းများ၊ လူကုန်ကူးခံရခြင်းကြောင့် ရရှိနိုင်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အကြောင်းတို့ကို အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

❍ စာမျက်နှာ ၁၅ မှ

အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများပြားခဲ့ပြီး အဆိုပါ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဘီလပ်မြေလိုအပ်ချက်များစွာဖြစ်ပေါ်ခဲ့ရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်နစ်နာမှု များစွာဖြစ်ပေါ်စေခဲ့သည်။

အလားတူ ဖယောင်းတောင် သတ္တုတွင်း(ရွှေသန့်စင်)လုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာနက ၁၉၈၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံ့အကျိုးစီးပွားအတွက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် ပုဂ္ဂလိကပိုင်စက်ရုံအဖြစ် လုပ်ငန်းငှားရမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ သတ္တုတွင်းလုပ်ငန်း အနေဖြင့် နိုင်ငံ့အဖိုးတန်ရွှေသတ္တုအရိုင်းများကို ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း လုပ်ငန်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလျက်ရှိသကဲ့သို့ ဝန်ထမ်းပေါင်း ၁၇၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်သည်။ TNLA နှင့် MDY–PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့်အချိန်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ရခြင်း၊ နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက်ပစ္စည်းအရိုင်းများကို ထုတ်ယူရောင်းချ၍ PDF ခေါင်းဆောင်အသီးသီးက ကိုယ်ကျိုးစီးပွား ဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများအတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းလုပ်ငန်းကို တပ်မတော်က ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သည့်အတွက် အကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သည့် စက်ရုံ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်၍ စက်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ပါ၍ ဒေသတွင်း ဘိလပ်မြေ လိုအပ်ချက်များကို ဈေးနှုန်းသက်သာစွာ ပြန်လည်ဖြည့်ဆည်းပေးနိုင်မည့် အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်တော့မည်သည်။

